မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
June 11, 2026 Volume 103 , Number 9

| ၁၁.၆.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၄.၉၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၈၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၀.၇၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၀.၃၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၈၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၈၁ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ယခုဘဏ္ဍာနှစ် မေလတစ်လတာ ကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၃၀,၀၀၀ ကျော် တင်ပို့ထား



ယခုဘဏ္ဍာနှစ် မေလတစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၃၀,၀၀၀ ကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိက တင်ပို့ခြင်းဖြစ်ကာ ပြီးခဲ့သည့်မေလက ဆန်နှင့်ဆန်ကွဲပို့ကုန် ကုမ္ပဏီ ၄၂ ခုမှ ဆန်တန်ချိန် ၅၇,၈၅၈ တန်နှင့် ဆန်ကွဲ တန်ချိန် ၇၈,၄၀၄ တန် စုစုပေါင်း ၁၃၆,၂၆၂ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် ဆန်ကို ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၂၃,၉၉၀ ဖြင့် အများဆုံး တင်ပို့ထားပြီးပိုလန်၊ စပိန်နှင့် တရုတ်နိုင်ငံအပါအဝင် စုစုပေါင်း ၂၆ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ဆန်ကွဲကို တရုတ်နိုင်ငံသို့ ၄၀,၆၈၉ တန်ဖြင့် အများဆုံးတင်ပို့ထားပြီး ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နှင့်အီတလီနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ဧည့်မထ/ငစိန်အုပ်စုဝင်များဖြစ်သော ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်၊ ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ဧယာ၊ ငွေတိုး၊ မင်းရော၊ ရွှေမန်းစသည့် ဆန်ကြမ်းများကို အဓိကတင်ပို့ပြီး ပေါ်ဆန်းဆန်ကိုလည်း တင်ပို့မှုရှိကြောင်း ၊ ထိုသို့ တင်ပို့ရာတွင် အာရှနိုင်ငံများအပြင် ဥရောပ၊ အာဖရိက၊ ဗြိတိန် စသည့်

အနောက်နိုင်ငံများသို့ပါ တင်ပို့ကာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂,၇၄၀,၇၃၉ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

**Source :** https://myawady.net.mm/s

## သီရိမင်္ဂလာဈေး၌ ဒူးရင်းသီးများ အရောင်းသွက်



ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေး၌ ဒူးရင်းသီးများ လက်လီ၊ လက်ကားရောင်းချလျက်ရှိရာ ဝယ်ယူစားသုံးမှုများသည့်အတွက် ဒူးရင်းသီးများ အရောင်းသွက်နေကြောင်း သိရသည်။

“စားသုံးသူများတဲ့အတွက် ဒီနှစ်လည်း ရောင်းအားကောင်းတယ် ၊ မြန်မာမျိုး၊ ထိုင်းမျိုးရှိပေမဲ့ စားသုံးသူက သူ့အကြိုက်နဲ့သူမို့ အကုန်ရောင်းရပါတယ်။ နယ်တွေက အမှာတွေကို အများဆုံးတင်ပို့ ရောင်းချနေရပါတယ်” ဟု သီရိမင်္ဂလာဈေး ဒူးရင်းသီးဒိုင်မှ ဦးမောင်ထွန်းကပြောသည်။

မြန်မာနိုင်ငံတွင် ဒူးရင်းသီးကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့မှ အဓိကစိုက်ပျိုးထွက်ရှိပြီး စားသုံးသူဈေးကွက်တွင် မြန်မာ့ဒူးရင်း အပြင် ထိုင်းဒူးရင်းသီးများကိုလည်း ဝယ်ယူစားသုံးကြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊ မှော်ဘီ၊ ကော့မှူး၊ တွံတေးတို့တွင်လည်းဒူးရင်းသီး စိုက်ပျိုးမှုရှိပြီး ဝယ်လိုအားများသော စီးပွားဖြစ်နှစ်ရှည်သီးနှံဖြစ်သည့်အတွက် ယခုမိုးရာသီတွင် တိုက်ကြီးမြို့နယ် ဥက္ကံတွင် တိုးချဲ့စိုက်ပျိုးမှုရှိကြောင်း ရန်ကုန်မြို့ ဒူးရင်းအစုအဖွဲ့မှ သိရသည်။

ဒူးရင်းသီးသည် အပူဓာတ်များသည့် အသီးအနှံဖြစ်သည့်အတွက် ဒူးရင်းသီးနှင့် မင်းကွတ်သီးကို တွဲဖက်စားသုံးခြင်းဖြင့် အပူကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးထွက်ဆိုးကျိုးကို ကာကွယ်နိုင်ကြောင်း သိရသည်။

**Source :** https://myawady.net.mm/s

## ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက်ဖြစ်နေ



ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက်ဖြစ်နေကြောင်း ဓာတ်မြေသြဇာ တင်သွင်းရောင်းချသည့်လုပ်ငန်းရှင်အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးကပြောသည်။

ပြည်တွင်းဓာတ်မြေသြဇာစက်ရုံများသည် အမှတ် ၅ ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)၊ အမှတ် ၄ ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၊ အမှတ် ၁ ဓာတ်မြေသြဇာစက်ရုံ (စလေ)နှင့် အမှတ် ၂ ဓာတ်မြေ သြဇာစက်ရုံ (ကျွန်းချောင်း)တို့ဖြစ်ပြီး အဆိုပါစက်ရုံများတွင် ဓာတ်မြေသြဇာပိုမိုထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အဓိကကျပြီး ၂၄ နာရီ လျှပ်စစ်မီးရရှိနေမှသာ အပြည့်အဝလည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဓာတ်မြေသြဇာစက်ရုံလည်ပတ်ဖို့အဓိကက သဘာဝဓာတ်ငွေ့ပေါ့၊ စက်ရုံအတွက် လျှပ်စစ်ပေါ့နော်၊ ယူရီးယားကကျတော့ စက်ရုံကထုတ်နေချိန်ဆိုရင် ရပ်လို့မရဘူး၊ မီးပြတ်လို့မရဘူး၊ တောက်လျှောက်လည်ပတ်ရတာ၊ ရပ်သွားလို့ သန့်ရှင်းရေး ပြန်လုပ်ရတာနဲ့ တော်တော်လေးကြာတယ်၊ အဓိက သဘာဝဓာတ်ငွေ့နဲ့ သွားရတဲ့အတွက် အကုန်ပြန်သန့်ရှင်းပြီးမှ ပြန်သုံးရတာဖြစ်တဲ့အတွက် မီးပြတ်လို့ မရဘူး၊ ၂၄နာရီပတ်လုံး တောက်လျှောက်လည်ပတ်ရတာ”ဟုရင်းကပြောသည်။

မြန်မာနိုင်ငံ၏ ခတ်မြေသြဇာသုံးစွဲမှုသည် နှစ်စဉ် ၁၉၁၂၄၇၅ တန်ရှိပြီး ပြည်တွင်းခတ်မြေသြဇာစက်ရုံများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တွင် ၃၉၁,၀၇၇ တန်သာ ထုတ်လုပ်ခဲ့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းခတ်မြေသြဇာလိုအပ်ချက်ကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်၊ စင်ကာပူ၊ ရုရှား စသည့် နိုင်ငံများမှတင်သွင်းနေရကြောင်းသိရသည်။

ခတ်မြေသြဇာများ တင်သွင်းရာတွင်လည်း နှစ်စဉ်တန်ချိန် ၁ ဒသမ ၆ သန်းမှ ၁ ဒသမ ၈ သန်း အကြား ပြည်ပမှ တင်သွင်းနေရပြီး အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့်လက်ရှိတွင် ခတ်မြေသြဇာ ဈေးနှုန်းများမှာလည်း ယခင်ထက် ၂ ဆ ကျော် ဈေးမြင့်တက်နေကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့က တစ်နှစ်ကို တိုင်းပြည်လိုအပ်ချက်အရ တန်ချိန် ၁ ဒသမ ၆ သန်းနဲ့ ၁ ဒသမ ၈ သန်းကြားမှာ တင်သွင်းပါတယ်၊ လွန်ခဲ့တဲ့ ၅ နှစ်ရဲ့ တင်သွင်းတဲ့ စာရင်းအပေါ်အခြေခံကြည့်တာပေါ့၊ တိုင်းပြည်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ယူရီးယားကိုပဲ အခြေခံပြောရရင် အမှန်က အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် တစ်တန်ကို အမေရိကန် ဒေါ်လာ ၉၀၀ - ၉၅၀ လောက်အထိကို တက်သွားတယ်၊ ဒါယူရီးယားကိုပဲပြောတာ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွေမှာ အဓိကထားသုံးတဲ့ ၁၅ ပတ်လည်ကွန်ပေါင်းဆိုရင် ဒေါ်လာ ၈၀၀ ပတ်ဝန်းကျင်လောက်ကို ရောက်သွားတယ်"ဟု ၎င်းက ပြောသည်။

**Source :** https://www.npnewsmm.com/

## ကန့်ဘလူမြို့နယ်၌ ပြည်ပပို့ကုန် ပဲစင်းငုံသီးနှံများ အောင်မြင်စွာ စိုက်ပျိုးလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သော ဒေသဖြစ်ပြီးပဲစင်းငုံသည် တောင်သူများအတွက် မိုးသီးနှံ/ ဆောင်းသီးနှံအဖြစ် အားထားရသည့် အဓိက စီးပွားဖြစ်သီးနှံ တစ်မျိုးဖြစ်ပြီး စာရင်းဇယားများအရ ယခင်နှစ်စိုက်ပျိုးရာသီတွင် ဧကတစ်သိန်းကျော် စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာဌာနများထံမှ သိရသည်။

ကန့်ဘလူဒေသတွင် ပဲစင်းငုံကို သီးသန့်စိုက်ပျိုးခြင်းထက် သီးညှပ်အဖြစ် စိုက်ပျိုးမှုများသည်၊ အထူးသဖြင့် မိုးမြေပဲ၊ နှမ်း၊ သို့မဟုတ် နေကြာ စသည့် သီးနှံများနှင့် တွဲဖက်၍ တန်းကြားညှပ် စိုက်ပျိုးကြသည်၊ မြေစေးဆန်သောမြေနှင့် နုန်းမြေများတွင် ဖြစ်ထွန်းမှုကောင်းပြီး ကန့်ဘလူမြို့နယ်၏ ရာသီဥတုနှင့် မြေဆီလွှာသည် ပဲစင်းငုံစိုက်ပျိုးရန် သင့်တော်သည်၊ ပျမ်းမျှအားဖြင့် ပဲစင်းငုံ တစ်ဧကလျှင် ၁၅ တင်းမှ တင်း ၂၀ ကြား (စိုက်ပျိုးသည့် မျိုးစေ့၊ ရာသီဥတုနှင့် ပြုစုပျိုးထောင်မှုအပေါ်မူတည်၍) ထွက်ရှိလေ့ရှိသည်၊ တန်းညှပ်စိုက်ပျိုးပါက အဓိကသီးနှံအပြင် ပဲစင်းငုံပါထပ်ဆောင်းရရှိသဖြင့် မြေအသုံးချမှု ထိရောက်ကြောင်း သိရသည်။

ပဲစင်းငုံသည် အခြားသီးနှံများနှင့်နှိုင်းယှဉ်ပါက အပင်ပြုစုခြင်းနှင့် သွင်းအားစု (မြေသြဇာ၊ ပိုးသတ်ဆေး) သုံးစွဲရမှု အနည်းငယ်သက်သာသော သီးနှံဖြစ်သည်၊ မြေပြင်ခ၊ မျိုးစေ့ဖိုး၊ စိုက်ပျိုးခ၊ ပေါင်းမြက်ရှင်းလင်းခနှင့် ရိတ်သိမ်း/ခြွေလှေ့ခတို့ ဖြစ်သည်။

လက်ရှိသွင်းအားစုနှင့် လုပ်အားခ ဈေးနှုန်းများအရ ပဲစင်းငုံ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ (သီးညှပ်စိုက်ပျိုးခဲ့ဝေမှု အပေါ်မူတည်၍) ခန့်မှန်းခြေ ကျပ် ၅ သိန်းမှ ၇ သိန်းဝန်းကျင် ရှိနိုင်ကြောင်း သိရသည်။

ပဲစင်းငုံသည် ပြည်ပပို့ကုန် (အထူးသဖြင့် အိန္ဒိယနိုင်ငံဈေးကွက်) ကို တိုက်ရိုက်မှီခိုနေရသော သီးနှံဖြစ်သဖြင့် အကျိုးအမြတ်သည် ကမ္ဘာ့ဈေးကွက်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် များစွာမူတည်နေသည်၊ ပြီးခဲ့သည့် နှစ်ပိုင်းများမှစ၍ အိန္ဒိယနိုင်ငံ၏

ဝယ်လိုအားမြင့်တက်မှုကြောင့် ပဲစင်းငုံဈေးနှုန်းမှာ သိသိသာသာ မြင့်တက်ခဲ့ပြီး တစ်တင်းလျှင် ကျပ်သိန်းဂဏန်းအထိ စံချိန်တင်ဈေးကောင်းရရှိခဲ့ဖူးသည်။ပဲစင်းငုံရိတ်သိမ်းပြီးနောက် ကျန်ရှိသော ပဲရိုး/ပဲပင်တိုင်များသည် ကျေးလက်ဒေသတွင် အဖိုးတန်ထင်းစိုက်စရာ (လောင်စာ) အဖြစ်သော်လည်းကောင်း၊ နွားစာအဖြစ်သော်လည်းကောင်း အသုံးဝင်သဖြင့် ကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ သက်သာစေသည်။

ပဲစင်းငုံသည် သက်တမ်းရှည်သီးနှံ (၆ လမှ ၈ လခန့်) ဖြစ်သဖြင့် စိုက်ပျိုးချိန်နှင့် ပွင့်ငုံချိန်များတွင် မိုးခေါင်ခြင်း သို့မဟုတ် မိုးရွာသွန်းမှု မမှန်ကန်ပါက အထွက်နှုန်း သိသိသာသာလျော့ကျတတ်သည်၊ သီးတောင့်ဖောက်ပိုးနှင့် ယင်ကောင်အန္တရာယ်ကြောင့် အထွက်နှုန်း ထိခိုက်တတ်သဖြင့် စနစ်တကျ ကာကွယ်နှိမ်နင်းရန်လိုအပ်သည်။

ပြည်ပဝယ်လိုအားနှင့် မူဝါဒအပြောင်းအလဲပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျရှိခြင်းကတောင်သူများအတွက် စွန့်စားရမှုတစ်ခုဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင်ပဲစင်းငုံစိုက်ပျိုးခြင်းသည်သီးညှပ်စနစ်ဖြင့် စိုက်ပျိုးနိုင်ခြင်း၊ သွင်းအားစုစရိတ်သက်သာခြင်းတို့ကြောင့် စနစ်တကျပြုစုပျိုးထောင်ပြီး ဈေးကွက်အဆင်ပြေပါက တောင်သူများအတွက် မိသားစုဝင်ငွေ တိုးပွားစေရုံသာမက ဒေသတွင်း စီးပွားရေးကိုပါ အကျိုးပြုစေသည့် အလားအလာကောင်းသော သီးနှံတစ်ခုဖြစ်ကြောင်းသိရသည်။

**Source : DOCA(**စစ်ကိုင်း)

## ကန့်ဘလူမြို့နယ် ပဲမျိုးစုံဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဇွန်လ ပထမပတ်ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်အတွင်း ကန့်ဘလူမြို့နယ်၌ ကုလားပဲ(ထိုင်ဝမ်) တစ်တင်းလျှင် ကျပ် ၆၀,၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၆၂,၀၀၀၊ V2 တစ်တင်းလျှင် ကျပ် ၆၃၀၀၀ နှင့် V7 တစ်တင်းလျှင် ကျပ် ၆၂၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ဇွန်လ ပထမပတ်အတွင်း မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၇၁,၀၀၀ ၊ မတ်ပဲမျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၇၃,၅၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ တစ်တင်း လျှင် ကျပ် ၅၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၈၅,၀၀၀၊ ပဲစင်းငုံဖြူတစ်တင်းလျှင် ကျပ် ၇၅,၀၀၀ နှင့် အောက်စတစ်တင်းလျှင် ကျပ် ၇၄,၅၀၀ ဈေးနှုန်းတို့ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုပတ်အတွင်းအရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

ပဲတီစိမ်းရိုးရိုးတစ်တင်းလျှင် ကျပ် ၈၇,၀၀၀၊ ပဲတီစိမ်းထွက်တိုးတစ်တင်းလျှင် ကျပ် ၉၀,၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၃၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

စွန်တာနီ(ပဲနီ)တစ်တင်းလျှင် ကျပ် ၉၇,၀၀၀ ၊ အကွဲအနာပါတစ်တင်းလျှင် ကျပ် ၉၆,၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက စွန်တာနီ (ပဲနီ)တစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၈၂,၀၀၀၊ အကွဲအနာပါလျှင် ကျပ် ၈၁,၅၀၀ ဈေးနှုန်းဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၇၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

ဇွန်လ ပထမပတ်အတွင်း ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၁၃၄,၀၀၀၊ အကွဲအနာပါတစ်တင်းလျှင် ကျပ် ၁၃၃,၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ် ၁၀,၀၀၀ ခန့် ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ဇွန်လ ပထမပတ်အတွင်း ပဲလွှမ်းဖြူတစ်တင်းလျှင် ကျပ် ၉၁,၀၀၀ ၊ အကွဲအနာပါ တစ်တင်းလျှင် ကျပ် ၉၀,၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပထမပတ်အတွင်း မန္တလေးဈေးကွက်တွင် သီးနှံအဝင်နည်း၍ အဝယ်လိုက်ကာ ပဲလွှမ်းဖြူသီးနှံ တစ်တင်းလျှင် ကျပ် ၁၀,၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ဒေသတွင်း သီးနှံပွဲရုံများထံမှ သိရသည်။

**Source : DOCA(**စစ်ကိုင်း)

## အမေရိကန်၏ သွင်းကုန်ခွန်အသစ်များ ဖိလစ်ပိုင်ရင်ဆိုင်ရနိုင်ခြေရှိ

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး(US Trade Representative–USTR) သည် အဓမ္မခိုင်းစေမှုလုပ်အား(Forced Labor)ဖြင့်ထုတ်လုပ်ထားသော ကုန်ပစ္စည်းများတင်သွင်းမှုကို ထိရောက်စွာတားဆီးထိန်းချုပ်နိုင်ခြင်းမရှိဟု သတ်မှတ်ထားသော ဖိလစ်ပိုင်အပါအဝင် နိုင်ငံနှင့်နိုင်ငံပေါင်း ၆၀ အပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီး ထပ်ဆောင်း အကောက်ခွန်များ ချမှတ်ရန် အဆိုပြုထားသည်။

ယင်းအဆိုပြုချက်အရ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်အပါအဝင် နိုင်ငံ ၅၄ နိုင်ငံအပေါ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းထပ်ဆောင်းအကောက်ခွန်ချမှတ်မည်ဖြစ်ပြီး ကနေဒါ၊ ဥရောပသမဂ္ဂ(EU)၊ အင်ဒိုနီးရှား၊ မက္ကဆီကိုနှင့် ပါကစ္စတန် တို့အပေါ် ၁၀ ရာခိုင်နှုန်းထပ်ဆောင်းအကောက်ခွန်ချမှတ်ရန် အဆိုပြုထားသည်။

USTR က အဆိုပါနိုင်ငံများ၏ပျက်ကွက်မှုများသည် ကမ္ဘာတစ်ဝှန်းအဓမ္မခိုင်းစေမှု လုပ်အားလျှော့ချရေးကြိုးပမ်းမှုများကို ထိခိုက်စေပြီး ဈေးနှုန်းသက်သာစွာထုတ်လုပ်နိုင်ရန် အဓမ္မခိုင်းစေမှုလုပ်အားအသုံးပြုမှုကို အားပေးရာရောက်ကာ တရားမျှတသောဈေးကွက်ယှဉ်ပြိုင်မှုကို ထိခိုက်စေကြောင်း ထောက်ပြခဲ့သည်။

ထို့ပြင် အမေရိကန်သို့တင်သွင်းသည့် အထည်အလိပ်နှင့်အဝတ်အထည်ထုတ်ကုန်များအတွက် အကောက်ခွန်သက်သာခွင့်ပေးမည့် အစီအစဉ်တစ်ရပ်ကိုလည်း အဆိုပြုထားပြီး စွမ်းအင်၊ မြေရှားသတ္တု၊ အမဲသား၊ ကော်ဖီ၊ ဟင်းသီး ဟင်းရွက်အချို့၊ ဆေးဝါး၊ သဘာဝမြေသြဇာနှင့်လေယာဉ်အစိတ်အပိုင်းများကဲ့သို့ ကုန်ပစ္စည်းအချို့ကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

Foreign Buyers Association of the Philippines (FOBAP)ဥက္ကဋ္ဌ Robert M. Young က ဖိလစ်ပိုင်ပို့ကုန်များအပေါ် အကောက်ခွန်အသစ်များချမှတ်ပါက လက်ရှိပထဝီနိုင်ငံရေးတင်းမာမှုများနှင့် ကုန်ကျစရိတ်မြင့်တက်မှုကြောင့် အခက်အခဲကြုံနေရပြီးသား ပို့ကုန်လုပ်ငန်းများအတွက် “နောက်ဆုံးထိုးနှက်ချက်”ဖြစ်လာနိုင်ပြီး ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းလည်း ပိုမိုကျဆင်းကာ အမေရိကန်ဝယ်ယူသူများ၏ ဝယ်ယူရေးအစီအစဉ်များမှ ဖယ်ရှားခံရနိုင်ကြောင်း သတိပေးခဲ့သည်။

သို့သော် FOBAP အဖွဲ့ဝင်များသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့်အထူးစီးပွားရေးဇုန်များတွင် လုပ်ကိုင်ကာ အလုပ်သမားဥပဒေလိုက်နာမှုအောက်တွင်ရှိပြီး အမေရိကန်ဝယ်ယူသူများနှင့်ချုပ်ဆိုသည့်စာချုပ်တိုင်းတွင် နိုင်ငံတကာဥပဒေလိုက်နာမှုအာမခံချက်များပါဝင်ကြောင်းလည်း ၎င်းကရှင်းလင်းခဲ့သည်။

တစ်ဖက်တွင် Federation of Free Workers ဥက္ကဋ္ဌ Jose Sonny G. Matula က USTR ၏ တွေ့ရှိချက်များသည် ဖိလစ်ပိုင်အစိုးရအတွက် အလုပ်သမားစစ်ဆေးရေးနှင့် supply chain စောင့်ကြည့်ထိန်းချုပ်မှုစနစ်များကို ပိုမိုအားကောင်းစေရန်သတိပေးချက်ဖြစ်ကြောင်း၊ အဓိကပြဿနာမှာ အဓမ္မခိုင်းစေမှုလုပ်အားရှိ/မရှိသာမဟုတ်ဘဲ အစိုးရဌာနများအနေဖြင့် ယင်းကိစ္စများကို ထိရောက်စွာရှာဖွေဖော်ထုတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ကာကွယ်တားဆီးနိုင်ခြင်းရှိ/မရှိဖြစ်ကြောင်း

အလေးပေးပြောကြားခဲ့သည်။

**Source:** **https://bworldonline.com/top-stories/2026/06/04/754268/ philippines-may-face-new-us-tariffs/**

**အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့**

## လာမည့် နိုဝင်ဘာလတွင် ဒီဂျစ်တယ်စီးပွားရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အာဆီယံပြင်ဆင်

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် "အာဆီယံဒီဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူညီချက်" ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ကျင်းပခဲ့သည့် ၅၇ ကြိမ်မြောက် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် အဆုံးသတ်နိုင်ခဲ့ပြီး လာမည့်နိုဝင်ဘာလတွင် ကျင်းပမည့် ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် လက်မှတ်ရေးထိုးရန် ဆောင်ရွက်နေကြောင်း စင်ကာပူ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

အာဆီယံ၊ ဒီဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူညီချက်တွင် ဒီဂျစ်တယ်ခေတ်၏ ရှုပ်ထွေးမှုများကို တစ်ပြေးညီ၊ လျင်မြန်စွာ ပူးတွဲကျင့်သုံးနိုင်မည့် ဒီဂျစ်တယ်စည်းမျဉ်းများ ပါဝင်ကြောင်း၊ ဉာဏ်ရည်တု၊ Fintech နည်းပညာနှင့် Source Code ကာကွယ်ရေးကဲ့သို့သော ကဏ္ဍသစ်များ ဖြေရှင်းရေး အခြေခံစည်းမျဉ်းများလည်းပါကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အာဆီယံ၏ လက်ရှိဒီဂျစ်တယ်စီးပွားရေး ကတိကဝတ်များကိုအခြေခံပြီး၊ဒီဂျစ်တယ်ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေး၊ ဒီဂျစ်တယ်ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ရိုးရှင်းစေရေး၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော် ဒေတာစီးဆင်းမှုများကို ဖြစ်ပေါ်စေရေး၊ ဒီဂျစ်တယ်ငွေပေးချေမှုများနှင့် အီလက်ထရောနစ်အရောင်းအဝယ်ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်စေရေး၊ အွန်လိုင်းစားသုံးသူကာကွယ်ရေးကို အားကောင်းစေရေး၊ ဒေသတွင်း ဒီဂျစ်တယ်နည်းလမ်းဖြင့် အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်မှုကိုပိုမိုမြှင့်တင်နိုင်ရေးစသည့်ဘုံစည်းမျဉ်းများနှင့်မူဘောင်များကိုချမှတ်ပေးထားကြောင်းထုတ်ပြန်ချက်တွင်ပါ ရှိသည်။

အရည်အသွေးမြင့်မားပြီး စီးပွားရေးအရ အဓိပ္ပာယ်ရှိသော မူဘောင်ရရှိရေး စင်ကာပူက တက်ကြွစွာပါဝင်ခဲ့ကြောင်း၊ ညှိနှိုင်းမှုများတွင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သောထိုင်းနိုင်ငံ၊ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အတွင်းရေးမှူးအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ပါဝင်မှုကို ကျေးဇူးတင်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source :** **https://asean.bernama.com**

## STOCK EXCHANGE (11.6.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,025 (Shares) | 152,924,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,500 | +500 | +2.78% | 18,000 | 19,000 | 18,000 | 1,144 | 21,003,500 | 33,109,694 | 612,529 |
| MTSH | 00002 | 9,500 | +1,000 | +11.76% | 8,600 | 9,500 | 8,600 | 3,774 | 35,314,900 | 38,929,150 | 369,827 |
| MCB | 00003 | 15,000 | +1,000 | +7.14% | 15,000 | 15,000 | 15,000 | 1,618 | 24,270,000 | 10,400,986 | 156,015 |
| FPB | 00004 | 8,700 | +700 | +8.75% | 7,900 | 8,700 | 7,900 | 2,778 | 23,120,600 | 31,144,738 | 270,959 |
| TMH | 00005 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 1,249 | 4,621,300 | 12,823,224 | 47,446 |
| EFR | 00006 | 2,000 | +150 | +8.11% | 1,850 | 2,000 | 1,850 | 14,718 | 27,997,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,300 | +200 | +4.88% | 4,200 | 4,300 | 4,200 | 328 | 1,380,200 | 10,497,598 | 45,140 |
| MAEX | 00008 | 6,700 | +700 | +11.67% | 6,100 | 6,700 | 6,100 | 2,416 | 15,217,000 | 23,804,946 | 159,493 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 8th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 896.93 | +57.70 | +6.88% | 846.94 | 896.93 | 846.94 | 28,025 | 152,924,500 | 8 | 1,701,364 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm. 9th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,587 (Shares) | 232,871,900 (MMK) |

| MYANPIX | 947.91 ▲ 50.98 |
|---|---|
| Total Volume (shares) | 32,587 |
| Total Value (MMK) | 233 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,798,068 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 20,000 | ▲ 1,500 |
| MTSH | 00002 | 9,900 | ▲ 400 |
| MCB | 00003 | 16,500 | ▲ 1,500 |
| FPB | 00004 | 8,800 | ▲ 100 |
| TMH | 00005 | 3,700 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 400 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 6,900 | ▲ 200 |

TIR